# ဆင်စမ်းနေတဲ့ ပုရောဟိတ်

အောင်ထီ

ဗုဒ္ဓဘုရားရှင်လက်ထက်က ပညာရှိကြီးတယောက် ရှိတယ်လို့ ကြားဖူးတယ်။ ပညာတွေကို ဝမ်းဗိုက်ထဲမှာ သိုမှီးထားရ တာများလွန်းလို့ ပေါက်မထွက်သွားအောင် ခါးပါတ်ကြီးနဲ့ ပါတ်ထားရတယ်ဆိုဘဲ၊ ပညာတွေလား၊ ပဲဟင်းတွေလား၊ စဉ်းစားစရာပါ။ ဆင်ဆိုတာကြိုးပါလား၊ သစ်ပင်ပါလား၊ ယပ်တောင်ပါလား ဆိုတာမျိုးလည်း ရှိနေတတ်ပါတယ်။

ဘယ်သူကမှ ရိုက်မစစ်ဘဲ ပွင့်ပွင့်လင်းလင်း ဝန်ခံရမယ်ဆိုရင် ဒေါက်တာ ဦးတင်မောင်သန်းရဲ့ အစီအစဉ်တွေကို ကျော်ပြီး ချန်ပြီး ဒီဗွီဘီကို နားထောင်နေတာ ကြာပါပြီ။ တစ်ခြားပညာရှင်တွေ ဆွေးနွေးတာထက် သူက ပညာရှိလေသံ အပေါက် လွန်နေလို့ လားမသိ။ ပညာသိပ်မတတ်လှုနဲ့ တောင်မရောက် မြောက်မရောက်ဖြစ်နေတဲ့ ကျုပ်အဖို့က လိုက်မမှီဖြစ်လိုက်၊ နားလှုံလိုက်၊ နားကလောလိုက် ဖြစ်နေလို့ပါ။ ဒေါက်တာ ဦးတင်မောင်သန်းဟာ ထူးချွန်သော ပညာရှင်တစ်ယောက်၊ စာရေးဆရာကောင်း တစ်ယောက်ဖြစ်တယ်ဆိုတာကို ဘယ်သူကမှ မညင်းနိုင်ပါဘူး။ တိုင်းပြည်ချစ်တယ်။ တိုင်းပြည်ကောင်း စားစေချင်တယ်။။ တိုင်းပြည်ကောင်းအောင် လုပ်ခဲ့တယ်ဆိုတာကို ယုံပါတယ်။

သို့သော်။

ဆရာရဲ့ ကြားမိ တွေးမိသမျှ အစီအစဉ်က ဧပြီလ ၄ ရက်နေ့ ၂၀၀၈၊ ဒီဗွီဘီမှာ "လူထုဆန္ဒခံယူပွဲမှာ ကန့်ကွက်မဲအတွက် သော့ချက်ကျတဲ့အချက်ကို သုံးသပ်ခြင်း"ဆိုတဲ့ ခေါင်းစဉ်နဲ့ ဆွေးနွေးချက်ဟာ ရာသီစာ၊ ဓာတ်စာဖြစ်နေတာမို့ တခုတ်တရ နားထောင်လိုက်မိပါတယ်။ နားထောင်ရင်းနဲ့ စိတ်ထဲမှာ "အော်၊ ဒါ့ကြောင့် ကုန်ရှုံးရင် တခါမှောက်၊ လင်ရှုံးရင် တသက် လုံးမှောက်၊ ဆရာမှားရင် တသံသရာလုံးမှောက်" လို့ ဆိုရိုးရှိပေတာပဲလို့ တွေးမိလိုက်တော့တာပါပဲ။

ဆရာက လာမယ့်ဆန္ဒခံယူပွဲနဲ့ ပတ်သက်ပြီး မြန်မာ့နိုင်ငံရေးဇာတ်ခုံကို သုံးပိုင်း၊ သုံးအုပ်စု ခွဲပြီးဆွေးနွေး ထားပါတယ်၊

ပထမအုပ်က အင်အယ်လ်ဒီနဲ့ အတိုက်အခံတွေဖြစ်ပါတယ်။ သူတို့က ကန့်ကွက်မဲ ပေးကြမယ်လို့ ဆိုပါတယ်၊ ဟုတ်ပါတယ်။

ဒုတိယအုပ်စုက ကြံ့ဖွတ်နဲ့အပေါင်းအပါတွေဖြစ်ပါတယ်။ သူတို့က ထောက်ခံမဲပေးကြမယ်လို့ ဆိုပါတယ်။ ရာခိုင်နှုန်းအတော် များများ မမှန်ဘူးဆိုတာ သေသေချာချာသိပေမဲ့ အတိုင်းအတာတရပ်အထိ ဖြစ်နိုင်ခြေရှိတာမို့ ငြင်းချက် မထုတ်တော့ပါဘူး။

အဆုံးအဖြတ်ပေးမယ့် အုပ်စုအဖြစ်နဲ့ ဆရာအလေးအနက်ထား ဆွေးနွေးထားတဲ့ တတိယအုပ်စုကို စိတ်ဝင်စားမိပါတယ်၊ အဆုံးအဖြတ်ပေးမယ့်အုပ်စုလို့ ဆိုလေတော့ အထင်မသေးရဲပါဘူး။ တတိယအုပ်စုဆိုပြီး ဆရာပေးလိုက်တဲ့ ထင်ရှားတဲ့ ဥပမာတွေက မသိဂီရယ်၊ ပြည်တွင်းက အကြီးတန်းသတင်း စာဆရာတယောက်ရယ်၊ စစ်တပ်မိသားစုတွေရယ် ဖြစ်နေပါတယ်။ တဖန် ဒီအုပ်စုက အဆုံးအဖြတ်ပေးမယ့် အုပ်စုဖြစ်ပြီး လာမယ့် ဖွဲ့စည်းပုံဥပဒေကို ထောက်ခံမဲ ပေးကြလိမ့်မယ် ဆိုတဲ့ အပိုင်းကို ထင်ဟပ်ဆွေးနွေးတဲ့အခါမှာ ဆရာက ထောက်ခံကြလိမ့်မယ်ဆိုတဲ့ အယူအဆတရပ်ဟာ လူတွေကြားမှာ ဖြစ်နေတယ်။ လူတချို့မှာ ဖြစ်နေတယ်။ ပြည်တွင်းက ပညာတတ်တွေမှာ ဖြစ်နေတယ်။ စစ်တပ်မိသားစုတွေမှာ ဖြစ်နေတယ် ဆိုတဲ့ စကားလုံးတွေကို ပညာရှိပီသစွာ လိုသလိုညှပ်ပြီး ပါးပါးနပ်နပ်နဲ့ ထည့်သွင်းပြောဆိုသွားတာကို ကြားလိုက်ရ ပါတယ်။

ဆရာခင်ဗျား
ဆရာထောက်ပြတဲ့ အုပ်စုသုံးအုပ်စုထဲမှာ အတိုက်အခံပါတီဝင်တွေ မဟုတ်တဲ၊ ကြံ့ဖွတ်တွေ မဟုတ်တဲ့၊ မသိဂီ မဟုတ်တဲ့၊ ပြည်တွင်းက အကြီးတန်းစာနယ်ဇင်းသမား မဟုတ်တဲ့၊ စစ်တပ်မိသားစုဝင်တွေ မဟုတ်တဲ့၊ သန်းပေါင်းများစွာသော သာမန် မိဘပြည်သူတွေကို ဘယ်နေရာမှ ကျနော်ရှာမတွေ့ပါဘူး။ ကြံ့ဖွတ်လို၊ မသိဂီလို၊ အကြီးတန်းစာနယ်ဇင်းသမားလို၊ စစ်တပ်မိသားစုဝင်တွေလို (ဆရာပြောတဲ့အတိုင်း ပြန်ကိုးကားရရင်) တနည်းနည်းနဲ့ သက်သာရာရ အသက်ရှူပေါက် ချောင်ရာကို မရှာဘဲ၊ စစ်ဗိုလ်တွေရဲ့ ညှံ့ဖျင်းနံချာတဲ့ အုပ်

ချုပ်မှု၊ ဖိနှိပ်မှုကို အဆိုးဝါးဆုံး ခံနေရတဲ့၊ နေထွက်ကနေဝင် စားရေး၊ နေရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတွေအတွက် သောကပင်လယ်တွေဝေနေတဲ့၊ စစ်တပ်ကိုကြောက်ရလို့ တအိမ် တယောက်ထွက်ပြီး ထမင်းအငတ်ခံ လုပ်အားပေးပွဲတွေ၊ ထောက်ခံပွဲတွေ တက်နေရတဲ့ သာမန် မိဘပြည်သူတွေရဲ့ အခန်းကဏ္ဍကို ဆရာတယောက် ပညာလျှံပြီး ထည့်တွက်ဖို့ မေ့လျော့သွားခဲ့လေသလား လို့ တွေးမိပါတယ်။ တကယ်တော့ ကြံ့ဖွတ်လို၊ မသိဂီလို၊ အကြီးတန်း စာနယ်ဇင်းသမားလို၊ စစ်တပ်မိသားစုဝင်လို လူတွေထဲမှာ စစ်ဗိုလ်တွေရဲ့ အလိမ်အညာကိုမခံဘဲ ပြတ်ပြတ်သားသား ဆန့်ကျင်မဲပေးကြမယ့်သူတွေ အများအပြား အသေအချာရှိနေတာကိုလည်း၊ ဆရာ တမင် မသိချင်ယောင် ဆောင်ထားခဲ့ပါတယ်။

အခုအခါမှာ အတိုက်အခံက သုညအဆင့်မှာဖြစ်နေပြီး စစ်တပ်က တစ်ရာရာနှုန်းပိုင်စိုးထားတာမို့ ဖွဲ့စည်းပုံကို ထောက်ခံ လိုက်ခြင်းအားဖြင့် သုညထက်ပိုသော တစုံတစ်ရာကို မျှဝေရနိုင်တယ်ဆိုတဲ့ စာနယ်ဇင်းသမားရဲ့အမြင်ကို ဆရာ အလေးထား ထောက်ပြဆွေးနွေးသွားပါတယ်။ ဒီစာနယ်ဇင်းသမားရဲ့အမြင်ကိုပဲ လူတွေကြားမှာ ဖြစ်ပေါ်နေတဲ့ အမြင်လို့ ဆရာက ထပ်ဆင့် အတည်ပြု ဆိုလိုက်ပြန်ပါတယ်။ ဒီစာနယ်ဇင်းသမားရဲ့အမြင်က ပြည်သူတွေရဲ့အမြင်နဲ့ တထပ်တည်းကျ တူ နေတယ်လို့ ဆရာဘာ့ကြောင့် ပြောနိုင်ပါသလဲ။ တကယ်တူတာလား။ ဆရာက တူစေချင်တာလား။ ဆရာ ရိုးသားပါရဲ့လား။

အခုအခါမှာ အာဏာကို လိုသလိုသုံးပြီး ထင်သလိုအုပ်ချုပ်နေတဲ့ စစ်ဗိုလ်တွေကို ဖွဲ့စည်းပုံကို အတည်ပြုလိုက်ခြင်းဖြင့် သူတို့ လုပ်ချင်ရာကို အရင်အတိုင်း ဒုံရင်းဆက်လုပ်နိုင်ဖို့ အခြေခံဥပဒေကြီးနဲ့ အကာအကွယ်ပေးလိုက်ရတော့မှာမို့ တရားစွဲလို့လည်း မရ၊ လူထုခုံရုံးလည်း မရှိ၊ နိုင်ငံတကာ ခုံရုံးလည်း ပျောက်နဲ့ ချိုတပ်ပေးလိုက်တဲ့မြင်းလို ထိန်းမနိုင် သိမ်းမရဖြစ်သွားမှာကို ဆရာတွေးပူပှာန် မရှိပါဘူး။ အရင်တုန်းက အာဏာသိမ်းရင် ဥပဒေကိုဖျက်ပြီး အာဏာသိမ်းရတတ်တဲ့ စစ်ဗိုလ်ချုပ်က အခုဖွဲ့စည်းပုံကို အတည်ပြုလိုက်ရင် ဥပဒေအရ အာဏာသိမ်းရတာဖြစ်သွားပြီး ဒါကို ကန့်ကွက်တဲ့၊ ဆန္ဒပြတဲ့ပြည်သူ တွေကို သတ်ချင်သလောက်သတ် တရားစွဲခွင့်မရှိတော့မှာကို ဆရာ စိုးရိမ်ပုံ မပြပါဘူး။ အခုနေအခါမှာ ဘယ်လိုမှမရနိုင်တဲ့ တရားဝင်လူသတ်လိုင်စင်ကို လာမယ့်ဖွဲ့စည်းပုံအရ စစ်တပ်က တဦးတည်း မူပိုင်ရသွားမှာကို ဆရာမြင်ပုံ ဘမရပါဘူး။ စစ်တပ် တမတ်သားက တနိုင်ငံလုံးကို ထင်သလိုချယ်လှယ်ပြီး စစ်တပ်သဘောမတူဘဲ ဘာမှ ပြောင်းလို့ မရတဲ့ အခြေခံဥပဒေကို တိုးတက်တဲ့ မူတရပ်လို့ ပြည်သူကို ဆရာက သတင်းစကားပေး ချင်ပုံရပါတယ်။

ဆွေးနွေးချက်တခုလုံးကို သေသေချာချာ ဆန်းစစ်လိုက်ရင် ဖွဲ့စည်းပုံကို အတည်မဖြစ်သွားမှာကို ဆရာ အလွန်အမင်း ပူပန်နေပုံ ရပါတယ်။ ဆရာ့သောကနဲ့ စစ်အာဏာရှင်တွေရဲ့သောကနဲ့ စာနယ်ဇင်းသမားကြီးရဲ့သောကတွေဟာ တထပ်တည်းကျပြီး တူနေတာက မေးခွန်းထုတ်စရာ ဖြစ်ပါတယ်။ အကျိုးစီးပွားများ တူနေလေလို့လား။

အင်အယ်လ်ဒီလုပ်ဆောင်သမျှကို ဆရာက နအဖ လိုဘဲ ဘယ်သောအခါကမှ လုံလောက်တယ်လို့ မထင်ခဲ့ပါဘူး၊ အင်အယ်လ်ဒီ ဘယ်တော့မှ မမှားဘူးလို့ မဆိုလိုပါဘူး။ ဖိနှိပ်သူနဲ့ ဖိနှိပ်ခံရသူကို တတန်းတည်း ထားတတ်တာဟာ အမြဲမမှန် နိုင်ပါဘူး။ အခုလည်း ဖွဲ့စည်းပုံကို ကန့်ကွက်ပြီးရင် ဘာလုပ်မယ်ဆိုတာ အင်အယ်လ်ဒီက ရှင်းရှင်းလင်းလင်း မပြောနိုင်ပါဘူး ဆိုပြီး ဆရာက စာနယ်ဇင်းသမားကြီးရဲ့ လက်ကိုငှားပြီး ခုတ်ပြန်ပါတယ်။

ပညာရှင်ကြီးတဦး ဖြစ်တဲ့ ဆရာ့ကို မေးခွန်းတခု မေးလိုက်ချင်ပါသေးတယ်။ အာဏာရှင်က အာဏာကို တစ်ရာရာခိုင်နှုန်း ရယူထားပြီး အတိုက်အခံက သုညဖြစ်နေတဲ့ အခြေအနေမျိုးမှာ အာဏာရှင်ကသာ ခြေ့ကွက်တွေကို ဦးဆောင်နိုင်တယ်ဆိုတာ ဆရာဘာလို့ အသိအမှတ် မပြုနိုင်ရတာလဲ။ အင်အားချိနဲ့နေတဲ့ အတိုက်အခံလုပ်သူက ဘာပြီးရင် ဘာလာမယ်ဆိုတာကို ဘယ်လိုမှ မသိနိုင်တာမို့ အချို့ အခြေအနေတွေမှာ ကိုယ်က ဘာလုပ်မယ်ဆိုပြီး ကြိုတင်မချပြနိုင်တာကို ဆရာ ဘာလို့ မစာနာနိုင်၊ နားလည်မှု မပေးနိုင်ရတာလဲ။

ဒီဗွီဘီဟာ အမည်အရ ကိုယ်က စစ်အာဏာရှင်တိုက်ဖျက်ရေးနှင့် ဒီမိုကရေစီထွန်းကားရေးအတွက် ပြည်သူတွေကို သတင်းမှန် အချက်အလက်မှန်တွေကို ပေးဖို့ တာဝန်ရှိပါတယ်။ နအဖ က သူတို့စိတ်ကြိုက်ရေးဆွဲထားတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံကို အတည်ပြုပေးနိုင်အောင် ပြည်သူလူထုကို ချော့လိုက်၊ ချောက်လိုက်လုပ်နေတာကို ဒီဗွီဘီက မသိဘူးဆိုရင် ဖြစ်နိုင်ပါ့မလား။ ပြည်သူလူထုက စစ်ကျွန်ဖွဲ့စည်းပုံကို အမြင်ရှုတ်ထွေးပြီး အတည်ပြုလာအောင်၊ တခုတည်းသော အထင်ကရ အတိုက်အခံပါတီ အင်အယ်လ်ဒီကို လူထုက အယုံအကြည်ကင်းမဲ့လာအောင်၊ အသေခံ၊ အသတ်ခံပြီး ကန့်ကွက်မဲပေးကြဖို့ သက်စွန့်ဆံဖျား ကြိုးစားနေတဲ့ ကျောင်းသားတွေ၊ ရဟန်းရှင်လူပြည်သူတွေ၊ အင်အယ်လ်ဒီတွေကို နောက်ကြောက ဓားနဲ့ထိုးသလို လိမ်မာပါးနပ်စွာ သွေးထိုးလှုံ့ဆော်နေတဲ့ ဆရာဦးတင်မောင်သန်းကို ဒီဗွီဘီက စင်တင်ပေးပြီး စစ်ဗိုလ်တွေ အကြိုက် ထောက်ခံမဲပေးဖို့ အော်နေတာ မရှက်ဘူးလား။

ကျုပ်တို့ ဒီဗွီဘီက လွတ်လပ်တဲ့ သတင်းဌာနဖြစ်တယ်။ အမြင်အားလုံးကို တင်ပြမယ်ဆိုရင် လေးစားပါတယ်။ မှန်လည်း မှန်ပါတယ်။ ဒါဆို ကျုပ်အမြင်ကိုလည်း တင်ပြခွင့်ပြုပါ။ ဆရာ ဦးတင်မောင်သန်း ကိုယ်တိုင်က ကျုပ်ဆောင်းပါးကို ကိုယ်တိုင်ဖတ်ပြီး ဒီဗွီဘီမှာ ရှင်းရဲပါသလား။

ဧပြီလ ၅။ ၂၀၀၈